# ဘုန်းကြီးနှင့်အတူ ပရိတ်ရွတ်ခြင်း

အရှင်ကေလာသ
ဇန်နဝါရီ ၇၊ ၂၀၁၆။

---

ဆရာတော် ဘုရား ..
ဘုန်းကြီး ပရိတ်ရွတ်နေတုန်း လူတွေ အတူ လိုက်ရွတ်တာကို ဆရာတော် တစ်ပါးက တားမြစ်ကြောင်း အသံလွှင့် အစီအစဉ် တစ်ခုမှာ အမျိုးသမီးတစ်ဦးက ပြောဆိုသွားပါသည်။ ၎င်း၏ အကြောင်းပြပုံမှာ ပရိတ်ဆိုတာ သူများ အကျိုးရချင်ရင် ကိုယ်က ရွတ်ပေးရပြီး ကိုယ်က အကျိုးရချင်ရင် သူများ ရွတ်တာကို ကိုယ်က နာယူရသည့်ပြင် လူက ဘုန်းကြီးနဲ့ အတူ လိုက်ရွတ်ရင် ဘုန်းကြီးမှာ ဝိနည်းအရ အာပတ် သင့်သည်ဟု ဆိုပါသည်။ ဘုရားရှင် ကိုယ်တိုင် အရှင်စုန္ဒ မထေရ်က ဗောဇ္ဈင်သုတ်ကို ရွတ်နေစဉ် လိုက်မရွတ်ဘဲ လေးလေးနက်နက် နာယူခဲ့ကြောင်းလည်း သိရပါသည်။

ဘုန်းကြီး ပရိတ်ရွတ်တုန်း လူတွေ လိုက်မရွတ်ရဟူသော ဝိနည်းသိက္ခာပုဒ် ရှိပါသလား။ ပရိတ်ဆိုတာ သူများက ရွတ်ဆိုသည်ကို နာယူရန် အတွက်သာ ဖြစ်ပါသလား။ မြတ်စွာဘုရားသည် အရှင်စုန္ဒ ရွတ်ဆိုသော ဗောဇ္ဈင်သုတ်ကို အမှန်တကယ် နာယူခဲ့ပါသလား။ ဗောဇ္ဈင်သုတ်ကို မည်သည့် မြို့တွင် ဟောကြားခဲ့ပါသနည်း။

ဆွေဆွေမြင့် (Fort Wayne)

---

**အာပတ်မသင့်**

ဝိနည်းမှာ 'လူနဲ့ သာမဏေကို သံပြိုင် ရွတ်ဆိုပြီး ဗုဒ္ဓဝစန (ပိဋက ကတ်စာပေ)ကို မပို့ချရ'ဆိုတဲ့ သိက္ခာပုဒ် ရှိတယ်။ အဲဒီ သိက္ခာ ပုဒ်မှာ 'ဝါစေယျ = သင်ကြား ပို့ချပေးအံ့'လို့ ဆိုတဲ့အတွက် အတူ သံပြိုင်ရွတ်ပြီး လူသာမဏေကို စာသင်ပေးမှ အာပတ် သင့်တယ်။ စာသင်ပေးတာ မဟုတ်ရင် အာပတ် မသင့်ဘူး။ ကင်္ခါအဋ္ဌကထာ (ပါတိမောက်အဖွင့်)မှာ 'အနုပသမ္ပန္နေန သဒ္ဓိံ ဧကတော ဥဒ္ဒေသဂ္ဂဟဏေ အနာပတ္တိ = လူသာမဏေနှင့် အတူ ပြိုင်တူ ရွတ်ဆိုပြီး စာပေ သင်ယူလျှင် အာပတ်မသင့် (ကင်္ခါ-ဋ္ဌ၊ ၁၉၂)' လို့ ဆိုပါတယ်။ ဒါကြောင့် ကိုယ်က သင်ပေး တာ မဟုတ်ဘဲ လူသာမဏေနဲ့ အတူ ရောပြီး စာသင်ယူတဲ့ အခါ သံပြိုင် ရွတ်ဆိုပေမယ့် အာပတ် မသင့်တာကို ထောက် ရင် လူနဲ့ ရဟန်း အတူတူ ပရိတ်ရွတ်လို့ အာပတ် မသင့်ဘူးလို့ ဘဲ ဘုန်းကြီး ယူဆတယ်။

ပဋ္ဌာန်းဖွင့်ပွဲ ပိတ်ပွဲတွေမှာ ပစ္စယနိဒ္ဒေသကို ရဟန်းပရိ သတ်နဲ့ လူပရိတ်သတ် စာရွက်ကြည့်ပြီး အတူတူ ရွတ်ကြ တာကို မှတ်မိမှာပေါ့။ အဲဒီ သံဃာတွေ အာပတ် မသင့်လောက် ပါဘူး။ ပဋ္ဌာန်းရွတ်တာဟာ စာသင်ပေးတာမှ မဟုတ်ဘဲ။

**မသင့်မြတ်**

ပရိတ်ဆိုတာ သူများက ရွတ်ဆိုသည်ကို နာယူရန်လည်း ဖြစ် တယ်။ ကိုယ်တိုင်လည်း ရွတ်ဆိုရတယ်။ အမှန်တော့ ပရိတ် ဆိုတာ မြတ်ဗုဒ္ဓ ဟောကြားတဲ့ သုတ္တန် အတိုအထွာတွေပါပဲ။ အချို့ဆို ရွတ်ရုံ သက်သက် မဟုတ်ပါဘူး။ ဥပမာ .. မင်္ဂလ သုတ်ဆိုရင် ရွတ်ဖတ်ရုံထက် လိုက်နာ ကျင့်သုံးဖို့က အဓိက ပို ကျတယ်။ ဒါပေမယ့် ဘယ် ပရိတ်မဆို ရွတ်ဆဲ နာယူဆဲမှာ ဖြစ်ပေါ်လာတဲ့ မေတ္တာအရှိန်နဲ့ ဗုဒ္ဓ ဓမ္မ သံဃ ဂုဏ်ရည်ကို တိုင် တည်တဲ့ သစ္စာစကားတွေကြောင့် အန္တရာယ်ကင်းခြင်း၊ အောင် မြင် ပြီးစီးခြင်း ဆိုတာတွေ ဖြစ်ရတာလို့ မှတ်ယူသင့်တယ်။ ဒါကြောင့် ကိုယ်တိုင်လည်း ရွတ်ဆိုရမယ်၊ သူများ အတွက် လည်း ရွတ်ဆိုပေးနိုင်တယ်လို့ ယူရင် မမှားတန်ရာဘူး။

**ဗောဇ္ဈင်သုတ်**

မြတ်ဗုဒ္ဓ ရာဇဂြိုဟ်မြို့အနီး ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးစဉ် နာမကျန်း ဖြစ်တော်မူတယ်။ အဲဒီအခါ အရှင်စုန္ဒထေရ် မြတ်ဗုဒ္ဓ ထံ ကြွလာတဲ့အတွက် မြတ်ဗုဒ္ဓရဲ့ ဆန္ဒတော်အရ အရှင်မြတ်က ဗောဇ္ဈင်သုတ်ကို ရွတ်ပြတော်မူတယ်။ မြတ်စွာဘုရားလည်း အ ရှင်စုန္ဒ ရွတ်တာကို ကောင်းစွာ နာယူတော်မူပါတယ်။ မူရင်း ဗောဇ္ဈင်သုတ်တွေကို ဗောဇ္ဈင်္ဂသံယုတ် (သံ ၃၊ ၇၂–၇၃) မှာ လေ့လာနိုင်ပါတယ်။

ဘုရားရှင်က အရှင်စုန္ဒ ရွတ်ဆိုတဲ့ ဗောဇ္ဈင်သုတ်ကို လေး စားစွာ နာယူတယ်ဆိုတဲ့ သက်သေလောက်နဲ့ ဘုန်းကြီး ရွတ် တာကိုပဲ လူတွေက လုံးဝ ငြိမ်သက်စွာ နာယူရမယ် ဆိုတာကို ဘုန်းကြီး အပြည့်အဝ လက်မခံနိုင်ဘူး။ ဘုန်းကြီး ရွတ်တဲ့ ပ ရိတ်ကို မလေးစားလို့ လူတွေ လိုက်ရွတ်တာမှ မဟုတ်ဘဲ။ နေ့ စဉ် ပရိတ်ရွတ်နေကျ လူတစ်ယောက်အနေနဲ့ ကြည်ညို ပူဇော် ချင်လို့ လိုက်ရွတ်တာလည်း ဖြစ်နိုင်တာပဲ။ ဒါကြောင့် လူတွေ လည်း ပရိတ်ကို ဘုန်းကြီးနဲ့ အတူ လိုက်ရွတ်ခွင့် ရှိသင့်တယ် လို့တော့ ဘုန်းကြီး ယူဆပါတယ်။ ဒါပေမယ့် ..

**ဒီလိုတော့ ရှိတယ်**

သံဃာတွေ စုပေါင်း ပရိတ်ရွတ်တုန်း မိမိအသံကို လူကြား အောင်လို့ သံကုန်ဟစ်တဲ့ တောထွက် ကိုယ်တော်ကြီး တစ်ချို့ လိုတော့ မဖြစ်သင့်ချေဘူး။ ရည်ရွယ်ချက်ကောင်းတော့ ရှိသင့် တယ်။ လူအများစုက သံဃာတွေ ရွတ်ဆိုတဲ့ ပရိတ်ကိုပဲ နာယူ ချင်ကြတာ။ လူရွတ်တာကို နာယူဖို့ လာကြတာ မဟုတ်ဘူး။ ဒီ အခြေအနေအရ မိမိက လိုက်ရွတ်နိုင်တယ် ဆိုရင်တောင် ကိုယ့် ဘေးက ပရိတ်နာယူနေတဲ့ ပရိသတ်ကို အနှောင့်အယှက် မဖြစ် စေသင့်ဘူး။ မိမိ ကြားရရုံ ခပ်တိုးတိုး လိုက်ရွတ်တာက ပိုပြီး သင့်မြတ်ပါတယ်။ အဲဒီလို လုပ်ရင် မိမိရဲ့ ကိုယ်ကျင့်တရားနဲ့ ရွတ်ပွားထားတဲ့ စရဏအား ထက်မြက် သလောက် မိမိကိုရော ပတ်ဝန်းကျင်ကိုပါ ကောင်းကျိုး ဖြစ်စေနိုင်တယ်လို့ ဘုန်းကြီး ယူဆကြောင်းပါ။ ❐